# မွန်ပြည်နယ်လွှတ်တော်

# မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေ

## (၂၀၁၂ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၆။)

# မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေ
## (၂၀၁၂ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၆။)
## ၁၃၇၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်
## (၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်)

မွန်ပြည်နယ်လွှတ်တော်သည် အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ပါ ပြဋ္ဌာန်းချက်နှင့် ဇယား ၂၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းအပိုဒ် ၈၊ အပိုဒ်ခွဲ(က) ဖော်ပြချက်အရ မွန်ပြည်နယ် စည်ပင်သာယာရေးဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် မွန်ပြည်နယ်အတွင်း အာဏာသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **စည်ပင်သာယာရေးအဖွဲ့** ဆိုသည်မှာ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန် နယ်နိမိတ်ပိုင်းခြားသတ်မှတ်ဖွဲ့စည်းထားသော အဖွဲ့ကိုဆိုသည်။ ယင်းစကားရပ်တွင်ကော်မတီ၊ ဝန်ထမ်းအဖွဲ့တို့ပါဝင်သည်၊

(ခ) **ပြည်နယ်အစိုးရအဖွဲ့** ဆိုသည်မှာ မွန်ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီးချုပ်** ဆိုသည်မှာ မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ကို ဆိုသည်၊

(ဃ) **ဝန်ကြီး** ဆိုသည်မှာ မွန်ပြည်နယ်အစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးဌာန၊ ဝန်ကြီးကို ဆိုသည်၊

(င) **မြို့တော်** ဆိုသည်မှာ မွန်ပြည်နယ်၏မြို့တော် မော်လမြိုင်မြို့ကိုဆိုသည်၊

(စ) **မြို့တော်ဝန်** ဆိုသည်မှာ စည်ပင်သာယာရေးဝန်ကြီးဌာန၊ ဝန်ကြီးကိုဆိုသည်၊

(ဆ) **ညွှန်ကြားရေးမှူး** ဆိုသည်မှာ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့နှင့်ကွပ်ကဲမှုအောက်ရှိ မြို့နယ်/မြို့နယ်ခွဲ စည်ပင်သာယာရေးအဖွဲ့များ၏ ရုံးဝန်ထမ်းအကြီးအကဲကို ဆိုသည်၊

(ဇ) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော စည်ပင်သာယာရေးကော်မတီကို ဆိုသည်၊

(ဈ) **ဝန်ထမ်းအဖွဲ့** ဆိုသည်မှာ စည်ပင်သာယာရေးအဖွဲ့ရုံး ဝန်ထမ်းအဖွဲ့ကို ဆိုသည်၊

(ည) **အမှုဆောင်အရာရှိ** ဆိုသည်မှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး ဝန်ထမ်းအကြီးအကဲကို ဆိုသည်၊

(ဋ) **အန္တရာယ်ရှိစေနိုင်သောလုပ်ငန်း** ဆိုသည်မှာ လုပ်ငန်းသဘာဝအရလည်းကောင်း၊ လုပ်ငန်းဆောင်ရွက်ပုံဆောင်ရွက်နည်းများအရလည်းကောင်း၊လူ၏ အသက် သို့မဟုတ် ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သော၊ ပစ္စည်းများကို ထိခိုက်ပျက်စီးစေနိုင်သော သို့မဟုတ် အနှောင့်အယှက်ဖြစ်စေနိုင်သော လုပ်ငန်းကို ဆိုသည်၊

(ဌ) **အခွန်** ဆိုသည်မှာ ဤဥပဒေအရ စည်းကြပ်သည့်အခွန်ကိုဆိုသည်။ ယင်းစကားရပ်တွင် အခွန်၊ အခ၊ အကောက်နှင့် ဒဏ်ကြေးတို့လည်းပါဝင်သည်၊

(ဍ) **အနေ့းယာဉ်** ဆိုသည်မှာ ခရီးသည်၊ ကုန်ပစ္စည်းသယ်ပို့ရန်အခကြေးငွေယူ၍ သယ်ယူပို့ဆောင်ခြင်း၊ ငှားရမ်းခြင်းပြုသည့် လူအင်အား သို့မဟုတ် တိရစ္ဆာန်အင်အားကို အသုံးပြုသော ဘီးတပ်ယာဉ်ကိုဆိုသည်၊

(ဎ) **အခြားယာဉ်**ဆိုသည်မှာ ၁၉၆၃ ခုနှစ် ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးဥပဒေအရလုပ်ငန်းလိုင်စင်ရယူခြင်းမရှိဘဲ ခရီးသည်၊ ကုန်စည်များကို အခကြေးငွေရယူ၍ သယ်ယူပို့ဆောင်ခြင်း၊ အငှားလိုက်ခြင်း ဆောင်ရွက်သည့် အင်ဂျင်ပါဝါ ၁၀၀ စီစီမှ ၁၂၅ စီစီကြားအငယ်စား စက်အင်အားသုံး ဘီးတပ်ယာဉ်ကိုဆိုသည်၊

(ဏ) **အနေ့းယာဉ်မောင်း** ဆိုသည်မှာ အနေ့းယာဉ်ကို နင်းသူ၊ တွန်းသူ၊ ဆွဲသူ၊ မောင်းသူတို့ကို ဆိုသည်၊

(တ) **အခြားယာဉ်မောင်း** ဆိုသည်မှာ ဤဥပဒေပါ ပုဒ်မ ၂ ပုဒ်မခွဲ (ဎ)ပါယာဉ်အား မောင်းနှင်သူကို ဆိုသည်၊

(ထ) **ကူးတို့လုပ်ငန်း** ဆိုသည်မှာ မြစ်၊ ချောင်း သို့မဟုတ် အင်းများတွင် ခရီးသည်၊ ကုန်ပစ္စည်း၊ တိရစ္ဆာန်၊ ယာဉ်များကို အခကြေးငွေယူ၍ လှေ၊ သမ္ဗာန်၊ စက်တပ်ရေယာဉ်၊ သင်္ဘောစသည်တို့ဖြင့် သယ်ယူပို့ဆောင်သည့် အများပြည်သူဆိုင်ရာ ကူးတို့လုပ်ငန်းကို ဆိုသည်၊ ယင်းစကားရပ်တွင် ကူးတို့၊ တံတား၊ ကူးတို့ဆိပ်ခံ၊ ကူးတို့ဆိပ် တို့လည်းပါဝင်သည်။

## အခန်း (၂)
## စည်ပင်သာယာရေးအဖွဲ့ ဖွဲ့စည်းခြင်း

၃။ ပြည်နယ်အစိုးရအဖွဲ့သည် မွန်ပြည်နယ်အတွင်း စည်ပင်သာယာရေးအဖွဲ့များကို အောက်ပါအတိုင်း ဖွဲ့စည်းနိုင်သည်-

(က) မြို့နယ်တစ်ခုကိုဖြစ်စေ၊ နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသော မြို့နယ်များကိုစုစည်း၍ဖြစ်စေ၊ စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် စည်ပင်သာယာရေးအဖွဲ့ကိုဖွဲ့စည်းနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းရာတွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့နယ်နိမိတ်အတွင်းရှိ မြို့များ၌ မြို့ပြစည်ပင်သာယာရေးလုပ်ငန်းများဆောင်ရွက်ရန် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်ကို သတ်မှတ်နိုင်သည်။

## အခန်း (၃)
## ကော်မတီဖွဲ့စည်းခြင်း

၄။ ပြည်နယ်အစိုးရအဖွဲ့သည် စည်ပင်သာယာရေးကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်နိုင်ရန် မွန်ပြည်နယ်စည်ပင်သာယာရေးကော်မတီကို ပြည်သူများက ရွေးချယ်ပေးထားသည့် သင့်လျော်သော ကိုယ်စားလှယ်များနှင့်ဖွဲ့စည်းရမည်။

၅။ ပြည်နယ်အစိုးရအဖွဲ့သည် ကော်မတီဖွဲ့စည်းရာတွင် ကော်မတီ၏ဥက္ကဋ္ဌကို တစ်ပါတည်း သတ်မှတ်ရမည်။

၆။ မွန်ပြည်နယ်စည်ပင်သာယာရေးကော်မတီ၏ ဥက္ကဋ္ဌသည် မြို့တော်ဝန်ဖြစ်သည်။

၇။ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူးသည် မွန်ပြည်နယ်စည်ပင်သာယာရေးကော်မတီ၏ အတွင်းရေးမှူးဖြစ်သည်။

၈။ မွန်ပြည်နယ်၏မြို့တော်တွင် စည်ပင်သာယာရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် မွန်ပြည်နယ်စည်ပင်သာယာရေးကော်မတီသည် မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးလုပ်ငန်းတာဝန်များကိုတိုက်ရိုက်ကြီးကြပ်ဆောင်ရွက်ရမည်။ မြို့နယ်စည်ပင်သာယာရေးကော်မတီများကို လိုအပ်လျှင်ဖွဲ့စည်းနိုင်သည်။ မွန်ပြည်နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ပြည်နယ်အစိုးရအဖွဲ့မှ သီးခြားသတ်မှတ်ထုတ်ပြန်ပေးရမည်။

၉။ ကော်မတီသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ်ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲဆိုခံနိုင်ခွင့်ရစေရမည်။

၁၀။ မွန်ပြည်နယ်စည်ပင်သာယာရေးကော်မတီသည် ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ထံမှဖြစ်စေ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများထံမှဖြစ်စေ ဤဥပဒေ၊ တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ မိမိတာဝန်ဖြင့် ငွေချေးယူခြင်း၊ အထောက်အပံ့များရယူခြင်း၊

(ခ) ပြည်တွင်းပြည်ပအဖွဲ့အစည်း သို့မဟုတ် ပြည်တွင်းပြည်ပပုဂ္ဂိုလ်တို့နှင့် ဆက်သွယ်၍စည်ပင်သာယာရေးအထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ခြင်း။

## အခန်း (၄)
## လုပ်ငန်းတာဝန်များ

၁၁။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ပြည်နယ်အစိုးရအဖွဲ့၊ မွန်ပြည်နယ်စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် အောက်ပါလုပ်ငန်းတာဝန်များကို တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရမည်-

(က) မြို့ပြစီမံကိန်းများရေးဆွဲဆောင်ရွက်ခြင်း၊

(ခ) ရေပေးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဂ) သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဃ) မိလ္လာလုပ်ငန်းအား မြို့ပြ၊ ကျေးလက်တို့တွင် ခေတ်မီမိလ္လာကန်၊ ယင်လုံအိမ်သာများဆောက်လုပ်သုံးစွဲစေခြင်းများ ဆောင်ရွက်ခြင်း၊

(င) လမ်းမီးပေးရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်ပေါင်းစပ်ဆောင်ရွက်စေခြင်း၊

(စ) စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ တည်ထောင်ခြင်း၊ ကြီးကြပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(ဆ) ပုဂ္ဂလိကပိုင်ဈေးများ တည်ထောင်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ဇ) ကျွဲ၊ နွား ပွဲဈေးများတည်ထောင်ခြင်း၊ ကြီးကြပ်ခြင်း၊

(ဈ) လမ်းဘေးဈေးဆိုင်များကြီးကြပ်ခြင်း၊

(ည) မုန့်ဖိုများ၊ စားသောက်ဆိုင်များကြီးကြပ်ခြင်း၊

(ဋ) အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းများကြီးကြပ်ခြင်း၊

(ဌ) မီးဘေး၊ ရေဘေး၊ လေဘေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဍ) သားသတ်ရုံများ တည်ထောင်ခြင်း၊ စားသုံးရန် ခြေလေးချောင်းတိရစ္ဆာန်များ သတ်ဖြတ်ခွင့်ပြုခြင်း၊ အသားရောင်းချခြင်းကို ကြီးကြပ်ခြင်း၊

(ဎ) ကူးတို့လုပ်ငန်းများ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊

(ဏ) အပေါင်ဆိုင်လုပ်ငန်းများ ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(တ) အနေ့ယာဉ်များနှင့် အခြားယာဉ်များ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊

(ထ) လမ်းတံတားများ၊ တည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(ဒ) လမ်းစည်းကမ်းနှင့်လမ်းအသုံးချမှုသတ်မှတ်ခြင်း၊ လမ်းအမည်သတ်မှတ်ခြင်း၊ အဆောက်အအုံအမှတ် သတ်မှတ်ခြင်း၊

(ဓ) စည်ပင်သာယာရေးအဖွဲ့ပိုင် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(န) မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ပုဂ္ဂလိကပိုင်အဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ပ) ကျူးကျော်အဆောက်အအုံများ ဖျက်သိမ်းခြင်း၊ ကျူးကျော်ရပ်ကွက်များဖျက်သိမ်းခြင်း၊ ပြန်လည်နေရာချထားခြင်း၊

(ဖ) ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ခွင့်ပြုခြင်းမဟုတ်သော တည်းခိုခန်းများ၊ မိုတယ်များ၊ အင်းများ၊ ဘော်ဒါဆောင်များဖွင့်လှစ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊စစ်ဆေးခြင်း၊

(ဗ) မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်းကိုကြီးကြပ်ခြင်း၊ တိရစ္ဆာန်အသေကောင်များကို သုတ်သင်ရှင်းလင်းစေခြင်း၊

(ဘ) လေလွင့်သွားနေသော ရူးသွပ်သူ၊ ကုဋ္ဌနူနာရောဂါစွဲကပ်သူနှင့် တောင်းရမ်းစားသူများကို ဖမ်းဆီး၍ သက်ဆိုင်ရာသို့အပ်နှံခြင်းနှင့်ပတ်သက်၍ မွန်ပြည်နယ်အစိုးရအဖွဲ့သို့တင်ပြဆောင်ရွက်ခြင်း၊

(မ) လေလွင့်သွားလာနေသော တိရစ္ဆာန်များကို ဖမ်းဆီးထိန်းသိမ်းစီမံခန့်ခွဲခြင်း၊

(ယ) ပန်းဥယျာဉ်၊ ပန်းခြံ၊ကစားကွင်း၊ ရေကူးကန်၊ ရေချိုးဆိပ်၊ အပန်းဖြေနေရာများတည်ထောင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(ရ) သုသာန်များသတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် မီးသဂြိုလ်စက်များ တည်ထောင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(လ) သုသာန်များကို ဖျက်သိမ်းခြင်း၊ ဖျက်သိမ်းသည့် သုသာန်မြေကို အခြားနည်းအသုံးပြုခြင်း၊

(ဝ) အများပြည်သူအကျိုးပြု အခြားစည်ပင်သာယာရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(သ) ပြည်နယ်အစိုးရအဖွဲ့မှ အခါအားလျော်စွာသတ်မှတ်ပေးသည့် အများပြည်သူအကျိုးပြုလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(ဟ) ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်ရပ်နားစခန်းများ တည်ထောင်ဖွင့်လှစ်စီမံခန့်ခွဲခြင်း၊

(ဠ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(အ) မြို့သန့်ရှင်းရေး၊ သပ်ရပ်ရေး၊ သာယာလှပရေး၊ စိမ်းလန်းစိုပြေရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ကက) ပြည်သူ့ကျန်းမာရေး အထောက်အကူပြုလုပ်ငန်းများ၊ လူမှုစီးပွားရေး အထောက်အကူအပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ခခ) ပွဲရုံလုပ်ငန်းများ၊ ကုန်စည်ဒိုင်များလုပ်ကိုင်ခွင့်ပြုခြင်း၊ စီမံခန့်ခွဲခြင်း၊

(ဂဂ) ကုန်စည်ပြပွဲများ၊ ဈေးရောင်းပွဲတော်နှင့် အရောင်းပြခန်းများ ကျင်းပခွင့်ပြုခြင်း၊ စီမံခန့်ခွဲခြင်း၊

(ဃဃ) နိုင်ငံတော်ပိုင်အိမ်ရာ အဆောက်အအုံများတွင် နေထိုင်သူများ မြို့ပြသန့်ရှင်းရေးလုပ်ငန်းများနှင့် ပတ်သက်၍လိုက်နာရန် စည်းကမ်းချက်များ ထုတ်ပြန်ခြင်း၊ စစ်ဆေးခြင်း၊ အရေးယူခြင်း။

## အခန်း(၅)
## စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ပိုင်ခွင့်များ

၁၂။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) ဤဥပဒေ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများနှင့်သက်ဆိုင်သော အခွန်အမျိုးအစားနှင့် နှုန်းထားသတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊ စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်း၊

(ခ) အဆောက်အအုံများငှားရမ်း၍ဖြစ်စေ၊ မြေများငှားရမ်း၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေရရှိသည့် ငွေများကို တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများအတွက်သုံးစွဲခြင်း၊

(ဂ) နိုင်ငံတော်ကာကွယ်ရေးနှင့် သက်ဆိုင်သည့် သို့မဟုတ် လျှို့ဝှက်အဆင့်သတ်မှတ်ထားသည့် အဆောက်အအုံများမှအပ နိုင်ငံတော်ပိုင်အဆောက်အုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ စစ်ဆေးခြင်း၊ စစ်ဆေးတွေ့ရှိချက်ကို တင်ပြခြင်း။

၁၃။ စည်ပင်သာယာရေးအဖွဲ့များသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများစပ်လျဉ်း၍ စည်းကမ်းများရေးဆွဲတင်ပြခြင်း၊

(ခ) မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ အခွန်နှင့်သာမန်ရငွေဖြင့် လုပ်ငန်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) လုပ်ငန်းလိုအပ်ချက်အရ လုပ်ငန်းများအလိုက် အဖွဲ့ငယ်များဖွဲ့စည်း၍ ဆောင်ရွက်ခြင်း၊

(ဃ) စည်ပင်သာယာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်စေရန် ခေတ်မီတိုးတက်သည့် နည်းလမ်းများ၊ စနစ်များဖြင့် ဆောင်ရွက်ခြင်း၊

(င) လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများနှင့်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) ပြည်နယ်အစိုးရအဖွဲ့မှ အခါအားလျော်စွာ အပ်နှင်းသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးခြင်း။

၁၄။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်မြေများတွင် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဌာနဆိုင်ရာများ ကျူးကျော်မှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ခ) မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ သတ်မှတ်ထားသော လမ်းနယ်နိမိတ်များအတွင်း မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဌာနဆိုင်ရာမှ ကျူးကျော်ဆောက်လုပ်ခြင်းမရှိစေရန် တားမြစ်ခြင်းနှင့် စစ်ဆေးကြပ်မတ်ခြင်း၊

(ဂ) မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း သဘာဝအလျောက်ပေါက်ရောက်လျက်ရှိသော သစ်ပင်များ၊ နိုင်ငံတော်ပိုင်အိမ်ရာများတွင် စိုက်ပျိုးထားသော နှစ်ရှည်သီးပင်၊ စားပင်၊အရိပ်ရပင်များ လမ်းဘေးဝဲယာ၊ လမ်းလယ်ကျွန်းများနှင့်အဝိုင်းများတွင် စိုက်ပျိုးထားသောသစ်ပင်ပန်းပင်များ၊ မြေယာရှုခင်းအလှများကို ခွင့်ပြုချက်မရှိဘဲ ချိုးဖဲ့ခြင်း၊ တူးဆွခြင်း၊ ခုတ်ထွင်ရှင်းလင်းခြင်း၊ရွှေ့ပြောင်းခြင်း သို့မဟုတ် ခုတ်လှဲခြင်းမပြုရန် တားမြစ်ခြင်းနှင့်စစ်ဆေးခြင်း။

## အခန်း (၆)
## အခွန်စည်းကြပ်ကောက်ခံခြင်း

၁၅။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်တွင် အောက်ပါအခွန်များကို စည်းကြပ်ကောက်ခံနိုင်သည်-

(က) အဆောက်အအုံနှင့်မြေခွန်၊

(ခ) ရေခွန်၊ လမ်းမီးခွန်၊ အမှိုက်နှင့်အညစ်အကြေးခွန်၊ အများသုံးအိမ်သာခွန်၊

(ဂ) ယာဉ်များ၊ လူစီးနှင့်ဝန်တင်တိရစ္ဆာန်များ၊ အိမ်မွေးခွေးများအပေါ် ကောက်ခံသည့်အခွန်၊

(ဃ) မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်းသို့ပြင်ပမှ ဝင်ရောက်ရပ်နားသော ယာဉ်များ၊ လူစီးနှင့် ဝန်တင်တိရစ္ဆာန်များအပေါ် ကောက်ခံသည့်အခွန်၊

(င) ဤဥပဒေက ခွင့်ပြုသည့်စည်ပင်သာယာရေးဆိုင်ရာ အခြားအခွန်များ။

၁၆။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် အောက်ပါအချက်အလက်များအပေါ် အခြေခံ၍ အခွန်စည်းကြပ်ခြင်း၊ ကောက်ခံခြင်းပြုရမည်-

(က) အဆောက်အအုံနှင့်မြေခွန်တို့ကို စည်းကြပ်ရာတွင် တစ်နှစ်စံငှားရမ်းခတန်းဘိုး၏ ၁၀ ရာခိုင်နှုန်း ထက်မပိုစေဘဲ စည်းကြပ်ရန်၊

(ခ) ဝန်ဆောင်ခများ စည်းကြပ်ရာတွင် ဝင်ငွေနှင့်အသုံးစရိတ်မျှတစေရန်၊

(ဂ) စည်ပင်သာယာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်၊

(ဃ) အဆောက်အအုံနှင်မြေခွန်ကို ပိုင်ရှင်ထံမှ စည်းကြပ်ကောက်ခံရန်နှင့် ဝန်ဆောင်ခွန်ကိုလက်ရှိနေထိုင်သူထံမှ စည်းကြပ်ကောက်ခံရန်၊

(င) အစိုးရက စီမံခန့်ခွဲသော ပုဂ္ဂလိကပိုင် အဆောက်အအုံနှင့် မြေခွန်တို့ကို စည်းကြပ်ရာတွင် ယင်း အဆောက်အအုံနှင့် မြေမှဝင်ငွေအားလုံး၏ ၁၀ ရာခိုင်နှုန်းထက်မပိုစေဘဲစည်းကြပ်ရန်။

၁၇။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် အဆောက်အအုံနှင့်မြေခွန်၊ ဝန်ဆောင်ခွန်များစည်းကြပ်ကောက်ခံရန် အဆောက်အအုံနှင့် မြေ၏ တစ်နှစ်စံငှားရမ်းခတန်ဘိုးကို အခါအားလျော်စွာ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း ပြုနိုင်သည်။

၁၈။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ပြည်နယ်အစိုးရအဖွဲ့၏ခွင့်ပြုချက်အရ မွန်ပြည်နယ်စည်ပင်သာယာရေး အဖွဲ့၏ ကြီးကြပ်မှုဖြင့် စည်ပင်သာယာရေးဆိုင်ရာ လိုင်စင်ခများ၊ အဖွဲ့ပိုင်ဈေးများမှ ဈေးဆိုင်ခန်းခ၊ ဈေးကောက်များ နှင့်ပုဂ္ဂလိကပိုင်ဈေးများ တည်ထောင်ခွင့်လိုင်စင်ခ၊ အဖွဲ့ပိုင်မြေနှင့်အဆောက်အအုံများငှားရမ်းခတို့ကို အခါအားလျော်စွာသတ်မှတ်ကောက်ခံခြင်း၊ ပြင်ဆင်ကောက်ခံခြင်း ပြုနိုင်သည်။

၁၉။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ပြည်နယ်အစိုးရအဖွဲ့၏ခွင့်ပြုချက်အရ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် အခွန်တစ်ရပ်ရပ်ကို ဖျက်သိမ်းခြင်း၊ အခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊ လျှော်ပစ်ခြင်းတို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) စည်းကြပ်သော အခွန်တစ်ရပ်ရပ်ကို ဖျက်သိမ်းခြင်း သို့မဟုတ် နှုန်းထားပြင်ဆင်ခြင်း သို့မဟုတ် ကောက်ခံခြင်းကို ခေတ္တရပ်ဆိုင်းထားခြင်း၊

(ခ) ခိုင်လုံသောအကြောင်းရှိပါက အခွန်ထမ်းတစ်ဦးဦးပေးဆောင်ရန်ရှိသော အခွန်ကင်းလွတ်ခွင့်ပြုခြင်း သို့မဟုတ် လျှော်ပစ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

၂၀။ အမှုဆောင်အရာရှိသည် အခွန်ကြွေးကျန်တို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်နိုင်သည်-

(က) အခွန်ကြွေးကျန်များကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ကောက်ခံခြင်း၊

(ခ) ပုဒ်မခွဲ(က)ပါ ကိစ္စဆောင်ရွက်ရန် အလို့ငှာ တည်ဆဲဥပဒေများအရ ကော်လိပ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

## အခန်း(၇)
## စည်ပင်သာယာရေးလုပ်ငန်းများစီမံခန့်ခွဲခြင်း

၂၁။ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့သည် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ သဘောတူခွင့်ပြုချက်ဖြင့် ပြည်သူလူထုအား တိုက်ရိုက်အကျိုးပြုမည့် လုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုအထောက် အကူပြုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြို့နယ်နှင့်မြို့နယ်ခွဲစည်ပင်သာယာရေးအဖွဲ့ပိုင် မြေနှင့်အဆောက်အအုံများကို စီမံခန့်ခွဲခြင်း၊ စည်ပင်သာယာရေးအဖွဲ့ပိုင်အဖြစ်မှ ထုတ်နုတ်ခြင်း၊ စာရင်းမှပယ်ဖျက်ခြင်းများကို ဆောင်ရွက်နိုင်သည်။

၂၂။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြေနှင့်အဆောက်အအုံတို့နှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် မြေပိုင်ရှင် သို့မဟုတ် အဆောက်အအုံပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားနိုင်သည်-

(က) ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ညီညွတ်မှုမရှိဘဲဖြစ်စေ၊ အဆောက်အအုံဆောက်လုပ်သည်ကို သို့မဟုတ် ပြင်ဆင်ဆောက်လုပ်သည်ကို ရပ်ဆိုင်းထားစေခြင်း၊ပြန်လည်ပြုပြင်စေခြင်း သို့မဟုတ် ဖြိုဖျက်စေခြင်း၊

(ခ) အများပြည်သူနှင့်သက်ဆိုင်သောလမ်း၊ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်၊ လူသွားစင်္ကြန်စသည်များ အပေါ်တွင် အဆောက်အအုံဖြစ်စေ၊ အဆောက်အအုံ၏အစိတ်အပိုင်းဖြစ်စေ၊ ကျူးကျော်ဆောက်လုပ်သည်ကို ဖယ်ရှားစေခြင်း၊

(ဂ) အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် လူနေထိုင်ရန်မသင့်လျော်သည့် အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ပြုပြင်စေခြင်း၊ ဖြိုဖျက်စေခြင်း၊ သို့မဟုတ် ထိုနေထိုင်သူများကို ဖယ်ရှားစေခြင်း၊

(ဃ) အဆောက်အအုံ၊ ဝင်းခြံတို့ကို ဆေး သို့မဟုတ် ထုံးသုတ်စေခြင်း၊

(င) ဝင်းခြံမခတ်သည့်မြေကို ဝင်းခြံခတ်စေခြင်း၊ မပြုပြင်သည့်ဝင်းခြံကို ပြုပြင်စေခြင်း၊

(စ) အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် သန့်ရှင်းသပ်ရပ်မှုမရှိသည့် သစ်ပင်၊ ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းစေခြင်း၊ ချိုင့်ဝှမ်းများကို မြေဖို့စေခြင်း၊

(ဆ) နေထိုင်ရန်အိမ်ခြံမြေကွက် သို့မဟုတ် မြေပေးအမိန့်ရရှိပြီးမြေကွက်တွင် သတ်မှတ်စည်းကမ်းနှင့်အညီ အဆောက်အအုံဆောက်လုပ်စေခြင်း။

၂၃။ ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ဃ)၊(င)၊နှင့်(စ)တို့အရ လိုက်နာဆောင်ရွက်ရန်လက်ရှိနေထိုင်သူအား ညွှန်ကြားလျှင်လက်ရှိနေထိုင်သူသည် ညွှန်ကြားသည့်အတိုင်းလိုက်နာဆောင်ရွက်ရမည်။ လက်ရှိနေထိုင်သူသည် တရားဝင်အိမ်ငှားဖြစ်လျှင် ထိုကုန်ကျစရိတ်ကို အိမ်ရှင်ထံမှ တောင်းခံခွင့် သို့မဟုတ် ငှားရမ်းခမှ ခုနှိမ်ခွင့်ရှိသည်။

၂၄။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ရေတွင်း၊ ရေကန်၊ ရေမြောင်း၊ မိလ္လာအညစ်အကြေးတို့နှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားနိုင်သည်-

(က) အန္တရာယ်ရှိစေနိုင်သော ရေတွင်း၊ ရေကန်၊ ရေအိုင်များကို ကာရံစေခြင်း၊ ပြုပြင်စေခြင်း၊

(ခ) ကျန်းမာရေးနှင့်မညီညွတ်သော ရေတွင်း၊ ရေကန်၊ ရေလှောင်ကန်၊ ရေစည်၊ ရေအိုင်စသည်တို့ကို ဆေးကြောသုတ်သင်စေခြင်း၊ ပြုပြင်စေခြင်း၊ ရေဖြည့်စေခြင်း၊ ဖုံးအုပ်စေခြင်း၊

(ဂ) စက်ရုံ အလုပ်ရုံ အဆောက်အအုံနှင့်မြေပေါ်မှ စီးဆင်းသည့်ရေကြောင့် အများပြည်သူနှင့်သက်ဆိုင်သော လမ်းနှင့်အခြားပစ္စည်းများကို ထိခိုက်ပျက်စီးခြင်းမရှိစေရန်နှင့် ရေစီးရေလာကောင်းမွန်စေရန် ရေတံလျှောက်၊ ရေဆင်းပိုက်၊ ရေမြောင်း စသည်တို့ကို ပြုလုပ်စေခြင်း သို့မဟုတ် ပြုပြင်စေခြင်း၊

(ဃ) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့်မြေတို့တွင် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန်စသည်တို့ကို စီမံထားရှိစေခြင်း၊

(င) ရေဆိုးရေညစ်များနှင့်ပတ်သက်၍ သန့်စင်အောင်ပြုပြင်ပြီးမှ စွန့်ပစ်စေခြင်း၊ စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံတို့မှ ရေကောင်းမွန်စွာထုတ်ပစ်နိုင်ရေး မြေကိုပြုပြင်စေခြင်း၊

(စ) ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ညီညွတ်မှုမရှိဘဲဖြစ်စေ ပြုလုပ်ထားသည့် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာကန်၊ မိလ္လာပိုက် စသည်တို့ကို ပိတ်ထားစေခြင်း၊ သို့မဟုတ် ဖျက်သိမ်းစေခြင်း သို့မဟုတ် ပြောင်းလဲပြင်ဆင်စေခြင်း၊

(ဆ) မိလ္လာပိုက်၊ ရေပိုက်ကို အခြားသူတစ်ဦးပိုင်ဆိုင်သည့် ဆက်စပ်သော မြေကိုဖြတ်၍ဆောက်ရွက်ရလျှင် မြေပိုင်ရှင်က ဆောင်ရွက်ခွင့်ပြုစေခြင်း၊

(ဇ) မိလ္လာပိုက်၊ ရေပိုက်ကို အခြားသူတစ်ဦး၏မြေကိုဖြတ်၍ ဆောင်ရွက်ခြင်းကြောင့် မြေပိုင်ရှင်တွင် နစ်နာမှုရှိလျှင် ထိုနစ်နာမှုအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကသတ်မှတ်သည့် သင့်လျော်သော လျော်ကြေးငွေကို မိလ္လာပိုက်၊ ရေပိုက်ဆက်သွယ်သူက နစ်နာသူအားပေးစေခြင်း။

၂၅။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အောက်ပါကိစ္စရပ်များများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများ၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန် အဆောက်အအုံပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားနိုင်သည်-

(က) အမှိုက်များနှင့်နံစော်နေသော အရာဝတ္ထုများကို စွန့်ပစ်ခြင်းမပြုမီစုဆောင်း၍ ထည့်ထားရန်သင့်လျော်သော အမှိုက်ပုံးများ စီမံထားရှိစေခြင်း၊

(ခ) ကျန်းမာရေးနှင့်မညီညွတ်ကြောင်းတွေ့ရှိရသည့် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေးလုပ်ငန်း၊ ကိုယ်ပိုင်ရေပေးရေးလုပ်ငန်းတို့ကို အသုံးပြုခြင်းမှ ပိတ်ထားစေခြင်း၊

(ဂ) တည်းခိုခန်း သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံကို ကျန်းမာသန့်ရှင်းရေးနှင့်ညီညွတ်စေရန် ဆောင်ရွက်စေခြင်း၊

(ဃ) အများပြည်သူပျော်ပွဲရွှင်ပွဲအတွက် အသုံးပြုသည့် အဆောက်အအုံတို့ကို ကျန်းမာသန့်ရှင်းရေးတို့နှင့် ညီညွတ်စေရန်လည်းကောင်း၊မီးဘေးလုံခြုံရေးရှိစေရန်လည်းကောင်း ဆောင်ရွက်စေခြင်း၊

(င) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်း လုပ်ကိုင်ရာတွင် ပတ်ဝန်းကျင်အတွက် အန္တရာယ်ရှိလာလျှင် သို့မဟုတ် အနှောင့်အယှက်ဖြစ်လာလျှင် လုပ်ငန်းနေရာကို အသုံးမပြုဘဲနေစေခြင်း သို့မဟုတ် ပြင်ဆင်စီမံ ဆောင်ရွက်စေခြင်း။

၂၆။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ သတ်မှတ်သည့်စည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်စေရန် လုပ်ငန်းရှင် သို့မဟုတ် ယာဉ်ပိုင်ရှင် သို့မဟုတ် သက်ဆိုင်သူအား ညွှန်ကြားနိုင်သည်-

(က) ဆောက်လုပ်ရေး၊ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် အုတ်၊သဲ၊ ကျောက်၊ မြေ၊ ထုံး၊ သစ်နှင့် အခြားပစ္စည်းများသယ်ယူပို့ဆောင်သော မည်သည့်ယာဉ်အမျိုးအစားမဆို သတ်မှတ်လမ်းကြောင်းအတိုင်းသာ မောင်းနှင်ရမည်၊

(ခ) မည်သည့်သယ်ယူပို့ဆောင်သည့်ယာဉ်အမျိုးအစားမဆို လုပ်ငန်းသုံးပစ္စည်းများကို လုံခြုံစွာဖုံးအုပ်တင်ဆောင်သယ်ပို့ရမည်၊

(ဂ) အများပြည်သူဆိုင်ရာလမ်းများပေါ်သို့ လုပ်ငန်းသုံးပစ္စည်းများ၊ လွင့်စင်ယိုဖိတ် ဖရိုဖရဲကျရောက်ခြင်းဖြင့် မလိုလားအပ်သည့် ယာဉ်အန္တရာယ်နှင့်ပတ်ဝန်းကျင်ထိခိုက်နှောင့်ယှက်မှုများ၊ မြို့သန့်ရှင်းရေးထိခိုက်မှုများ မဖြစ်ပေါ်စေရေးအတွက် ချက်ချင်းပြန်လည်သိမ်းဆည်း၊ ဖယ်ရှား၊ ရှင်းလင်းဆောင်ရွက်ထားရမည်။

၂၇။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ပြည်နယ်အစိုးရအဖွဲ့၏ခွင့်ပြုချက်အရ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် အသုံးပြုရန်မသင့်လျော်သည့် သုသာန်မြေနှင့် စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာ

ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများ၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ပိုင်ရှင် သို့မဟုတ် သက်ဆိုင်သည့်အဖွဲ့အစည်းအား ညွှန်ကြားနိုင်သည်-

(က) သုသာန်မြေကို ဆက်လက်အသုံးပြုခွင့်မပြုဘဲ ပိတ်ထားစေခြင်း၊

(ခ) သုသာန်မြေကို ရွှေ့ပြောင်းစေခြင်း၊ ဖျက်သိမ်းစေခြင်း၊

(ဂ) ပိတ်သိမ်းပြီးသုသာန်ဟောင်းမြေအား အခြားနည်းဖြင့်အသုံးပြုခွင့်ရရှိမှသာ သတ်မှတ်ချက်နှင့်အညီ အသုံးပြုစေခြင်း။

## အခန်း(၈)
## အနေးယာဉ်များနှင့် အခြားယာဉ်များစီမံခန့်ခွဲခြင်း

၂၈။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် အနေးယာဉ်များ၊ အခြားယာဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်နိုင်သည်-

(က) အနေးယာဉ်၊ အခြားယာဉ်အမျိုးအစားအလိုက်စည်းကမ်းများရေးဆွဲတင်ပြခြင်း၊

(ခ) အနေးယာဉ်၊ အခြားယာဉ်လိုင်စင်ခသတ်မှတ်ခြင်း၊ စည်းကြပ်ကောက်ခံခြင်း၊

(ဂ) အနေးယာဉ်မောင်းလိုင်စင်ခသတ်မှတ်ခြင်း၊ စည်းကြပ်ကောက်ခံခြင်း၊

(ဃ) အနေးယာဉ်လိုင်စင်ထုတ်ပေးခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊

(င) အနေးယာဉ်၊ အခြားယာဉ်မောင်းလိုင်စင်ထုတ်ပေးခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊

(စ) အနေးယာဉ်၊ အခြားယာဉ်များအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

(ဆ) အနေးယာဉ်၊ အခြားယာဉ်မောင်းသူများအားစစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း။

၂၉။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှထုတ်ပေးသော လိုင်စင်ရရှိသူသာ အနေးယာဉ်၊ အခြားယာဉ်များ တည်ထောင်လုပ်ကိုင်ခွင့်ရှိသည်။

၃၀။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ထုတ်ပေးသောလိုင်စင်ရရှိသူသာ အနေးယာဉ် မောင်းခွင့်ရှိသည်။

၃၁။ အနေးယာဉ်၊ အခြားယာဉ်ပိုင်ရှင်နှင့် မောင်းသူတို့သည် သတ်မှတ်ထားသောစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၉)
## ကူးတို့လုပ်ငန်းများစီမံခန့်ခွဲခြင်း

၃၂။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကူးတို့လုပ်ငန်းများနှင့်စပ်လျဉ်း၍ စည်းမျဉ်းများ၊ စည်းကမ်းများနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) ကူးတို့လုပ်ငန်းတည်ထောင်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) ကူးတို့နယ်နိမိတ်သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊

(ဂ) ကူးတို့လုပ်ငန်းကိုကြီးကြပ်ခြင်း၊

(ဃ) ကူးတို့လုပ်ငန်းလမ်းကြောင်းသတ်မှတ်ခြင်း၊

(င) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ကို ဖျက်သိမ်းခြင်း၊

(စ) စည်းကမ်းဖောက်ဖျက်ခြင်းကြောင့်မဟုတ်ဘဲ ဖျက်သိမ်းခံရသည့် ကူးတို့လုပ်ငန်းလိုင်စင်အတွက် လျော်ကြေးပေးရန်ဆုံးဖြတ်ခြင်း၊ လျော်ကြေးငွေသတ်မှတ်ခြင်း၊

(ဆ) ကူးတို့လုပ်ငန်းသယ်ယူပို့ဆောင်ခသတ်မှတ်ခြင်း၊

(ဇ) တာဝန်ဖြင့်ခရီးသွားလာသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ဌာနဆိုင်ရာယာဉ်များ၊ တိရစ္ဆာန်များ၊ ကုန်ပစ္စည်းများအတွက် ကူးတို့လုပ်ငန်းသယ်ယူပို့ဆောင်ခကို ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဈ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ခကို လျှော့ပေါ့ပေးခြင်း၊ လွတ်ငြိမ်းခွင့်ပေးခြင်း။

၃၃။ ဝန်ကြီး၏အတည်ပြုချက်ဖြင့် ညွှန်ကြားရေးမှူးသည် ကူးတို့လုပ်ငန်းကြီးကြပ်သူအဖြစ် မြို့နယ်နှစ်ခုသို့မဟုတ် နှစ်ခုထက်ပိုသော မြို့နယ်များနှင့်ဆက်စပ်နေသော ကူးတို့လုပ်ငန်းနှင့်စပ်လျဉ်း၍ စည်းမျဉ်းများ၊ စည်းကမ်းများနှင့်အညီ အောက်ပါအတိုင်းဆောင်ရွက်နိုင်သည် -

(က) ကူးတို့လုပ်ငန်းတည်ထောင်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) ကူးတို့နယ်နိမိတ်သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊

(ဂ) ကူးတို့လုပ်ငန်းကိုကြီးကြပ်ခြင်း၊

(ဃ) ကူးတို့လုပ်ငန်းလမ်းကြောင်းသတ်မှတ်ခြင်း၊

(င) ကူးတို့လုပ်ငန်းနယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသည့် စည်ပင်သာယာရေးအဖွဲ့များသို့ ကူးတို့ဝင်ငွေများကို အချိုးကျခွဲဝေသတ်မှတ်ခြင်း၊

(စ) ကူးတို့စည်းကမ်းဖောက်ဖျက်လျှင် ကူးတို့လုပ်ငန်းလိုင်စင်ကို ဖျက်သိမ်းခြင်း၊

(ဆ) ကူးတို့လုပ်ငန်းအုပ်ချုပ်သူအဖြစ် သင့်လျော်သောအမှုဆောင်အရာရှိအား ခန့်ထားခြင်း၊

(ဇ) ကူးတို့စည်းကမ်းဖောက်ဖျက်ခြင်းကြောင့် မဟုတ်ဘဲ ဖျက်သိမ်းခံရသည့် ကူးတို့လုပ်ငန်းလိုင်စင်အတွက် လျော်ကြေးပေးရန်ဆုံးဖြတ်ခြင်း၊ လျော်ကြေးငွေသတ်မှတ်ခြင်း၊

(ဈ) ကူးတို့လုပ်ငန်းသယ်ယူပို့ဆောင်ခသတ်မှတ်ခြင်း၊

(ည) တာဝန်ဖြင့်ခရီးသွားလာသောဌာနဆိုင်ရာဝန်ထမ်းများ၊ ဌာနဆိုင်ရာယာဉ်များ၊ တိရစ္ဆာန်များ၊ ကုန်ပစ္စည်းများအတွက် ကူးတို့လုပ်ငန်းသယ်ယူပို့ဆောင်ခ ကင်းလွတ်ခွင့်ပြုခြင်း၊

(ဋ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ခကို လျှော့ပေါ့ပေးခြင်း၊ လွတ်ငြိမ်းခွင့်ပေးခြင်း။

၃၄။ အမှုဆောင်အရာရှိသည် ကူးတို့လုပ်ငန်းအုပ်ချုပ်သူအဖြစ်တာဝန်ယူဆောင်ရွက်ရမည်။ ကူးတို့လုပ်ငန်းအုပ်ချုပ်သူသည် ကူးတို့လုပ်ငန်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) ကူးတို့လုပ်ငန်းကိုအုပ်ချုပ်ခြင်း၊

(ခ) ကူးတို့လုပ်ငန်းလိုင်စင်များကို သတ်မှတ်သည့်နည်းလမ်းဖြင့် ရောင်းချခြင်း၊

(ဂ) ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် အများပြည်သူ သက်သာဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေး အတွက် အစီအစဉ်များပြုလုပ်စေခြင်း၊

(ဃ) စည်းကမ်းဖောက်ဖျက်သဖြင့် ဖျက်သိမ်းသည့်ကူးတို့လုပ်ငန်းလိုင်စင်များကို ပြန်လည်ရောင်းချစေခြင်း။

၃၅။ ကူးတို့လိုင်စင်ရရှိသူသာ ကူးတို့နယ်နိမိတ်တစ်ခုအတွင်း ကူးတို့လုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသည်။

၃၆။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် အသုံးပြုရန်မသင့်လျော်သော ကူးတို့ရေယာဉ်နှင့်စပ်လျဉ်း၍လည်းကောင်း၊ ယင်းနှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ကူးတို့လုပ်ငန်းအုပ်ချုပ်သူက ဆက်လက် အသုံးမပြုရန် ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရမည်။

၃၇။ ကူးတို့လုပ်ငန်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်ခုနှင့်တစ်ခုအကြား အငြင်းပွားမှုကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့နှင့်ညှိနှိုင်း ဆုံးဖြတ်နိုင်သည်။

၃၈။ ပုဒ်မ ၃၄ သို့မဟုတ် ပုဒ်မ ၃၆ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ကူးတို့လုပ်ငန်းအုပ်ချုပ်သူကချမှတ် သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုမကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း(၁၅)ရက်အတွင်း သက်ဆိုင်ရာ ကူးတို့လုပ်ငန်းကြီးကြပ်သူထံ အယူခံဝင်နိုင်သည်။

၃၉။ (က) ပုဒ်မ ၃၂ သို့မဟုတ် ပုဒ်မ ၃၃ သို့မဟုတ် ပုဒ်မ ၃၈ တို့အရ ကူးတို့လုပ်ငန်းကြီးကြပ်သူက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ် ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း(၃၀) အတွင်း ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ထံ အယူခံဝင်နိုင် သည်၊

(ခ) ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်စေရမည်။

## အခန်း (၁၀)
## တိရစ္ဆာန်များသတ်ဖြတ်မှုကိုစီမံခန့်ခွဲခြင်း

၄၀။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ပြည်နယ်အစိုးရအဖွဲ့၏ခွင့်ပြုချက်အရ မွန်ပြည်နယ်စည်ပင် သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို အများပြည်သူစားသုံးရန်အလို့ငှာ စည်ပင်သာယာရေးအဖွဲ့ပိုင် သားသတ်ရုံများတွင် စည်းကမ်းများနှင့်အညီ သတ်ဖြတ်ခြင်းနှင့် သတ်မှတ်ထားသည့် နေရာတွင် စည်းကမ်းများနှင့်အညီ အသားရောင်းချခြင်းကို ခွင့်ပြုနိုင်သည်။

၄၁။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးသည် မည်သည့်ဒေသတွင်မဆို အများပြည်သူစားသုံးရန်မှအပ ဘာသာရေးနှင့်အခြားကိစ္စရပ်များအတွက် ကျွဲ၊ နွား သတ်ဖြတ်ခွင့်အမိန့်ကို ပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ခွင့်ပြုနိုင်သည်။

၄၂။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ကျွဲ၊ နွား၊ တိရစ္ဆာန်များ သတ်ဖြတ်ခွင့်ပြုရာတွင် လယ်ယာလုပ်ငန်းသုံး ကျွဲ၊ နွား၊ တိရစ္ဆာန်များပြုန်းတီးမှုမရှိစေရန် ပြည်နယ်အစိုးရ အဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

၄၃။ ပုဒ်မ ၄၀ ပါ တိရစ္ဆာန်သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း တို့သည် မြို့နယ်အတွင်းရှိ ပြည်သူလူထု စားသုံးရန်ခွင့်ပြုခြင်းဖြစ်၍ မြို့နယ်ကျော်လွန်ပြီး စားသောက်ကုန်အဖြစ်သယ်ပို့ရောင်းချသည့် အသားခြောက် ထုတ်လုပ်သည့်လုပ်ငန်း၊ စည်သွပ်ဗူးထုတ်လုပ်သည့်လုပ်ငန်း၊ အအေးခန်းတွင်အသားသိုလှောင်၍ နယ်မြေကျော် သယ်ပို့သည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍လိုအပ်သောသတ်မှတ်ချက်များကို ပြည်နယ်အစိုးရအဖွဲ့မှထုတ်ပြန်နိုင်သည်။

၄၄။ ပုဒ်မ ၄၀ သို့မဟုတ် ပုဒ်မ ၄၁ အရ ခွင့်ပြုချက်ရှိသူသာလျှင် -

(က) ကျွဲ၊ နွား ကိုသတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း၊ အသားနှင့်သားရေကို လက်ဝယ်ထားရှိခြင်း ပြုနိုင်သည်၊

(ခ) မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း ပြုနိုင်သည်။

## အခန်း (၁၁)
## ကြီးကြပ်ခြင်း

၄၅။ ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် စည်ပင်သာယာရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ကော်မတီ၏ဆုံးဖြတ်ချက် သို့မဟုတ် ဆောင်ရွက်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းပြုနိုင်သည်။

၄၆။ ဝန်ကြီး၏အတည်ပြုချက်ဖြင့် မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးသည် စည်ပင် သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) စည်ပင်သာယာရေးအဖွဲ့များက ရေးဆွဲတင်ပြလာသော နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်း၊ နှစ်တို၊ နှစ်ရှည်စီမံကိန်းများကို စိစစ်၍ ဝန်ကြီးချုပ်ထံတင်ပြခြင်း၊

(ခ) အရအသုံးခန့်မှန်းခြေငွေစာရင်းကြီးကြပ်မှုကိုဆောင်ရွက်ရန်နှင့် လုပ်ငန်းဆောင်ရွက်ရာ၌ ပိုမို ချောမွေ့အဆင်ပြေစေရန် ဝန်ကြီးချုပ်ကခွဲဝေပေးသည့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း၊

(ဂ) စည်ပင်သာယာရေးလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ ညွှန်ကြားချက်များနှင့် ညီညွတ်စေရေးအတွက် ညှိနှိုင်းပေးခြင်း၊

(ဃ) စည်ပင်သာယာရေးအဖွဲ့နှင့်သက်ဆိုင်သောလုပ်ငန်းများ၊ အဆောက်အအုံများ၊ မြေများ၊ အမှုတွဲများ၊ စာရွက်စာတမ်းများ၊ အထောက်အထားများ၊ စာရင်းအင်းများကို စစ်ဆေးခြင်းနှင့် စစ်ဆေး တွေ့ရှိချက်ကို ဝန်ကြီးချုပ်ထံတင်ပြခြင်း၊

(င) ဥပဒေနှင့်မညီညွတ်သော မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ဆုံးဖြတ်ချက်၊ အမိန့်၊ ဆောင် ရွက်ချက် သို့မဟုတ် ညွှန်ကြားချက်ကိုစစ်ဆေးတွေ့ရှိလျှင် ရပ်ဆိုင်းထားစေပြီး တွေ့ရှိချက်ကို ဝန်ကြီးချုပ်ထံတင်ပြခြင်း။

## အခန်း (၁၂)
## အယူခံဝင်ခြင်း

၄၇။ ပုဒ်မ ၁၇၊ ပုဒ်မ ၂၂ ပုဒ်မခွဲ(ဃ)(င)၊ ပုဒ်မ ၂၄ ပုဒ်မခွဲ(ဂ)(ဃ)(ဆ)(ဇ)၊ ပုဒ်မ ၂၅ ပုဒ်မခွဲ(ခ) (င) တို့အရ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း(၁၅)ရက်အတွင်း မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူးမှတစ်ဆင့် ဝန်ကြီးထံအယူခံဝင်နိုင်သည်။

၄၈။ ပုဒ်မ ၄၇ အရ ဝန်ကြီးကချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုမကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ထံ အယူခံဝင်နိုင်သည်။

၄၉။ အယူခံမှုနှင့်စပ်လျဉ်း၍ -

(က) အယူခံကာလအတွင်းသက်ဆိုင်သူအား တရားစွဲဆိုခြင်းမပြုရ၊

(ခ) ဝန်ကြီးချုပ်၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်စေရမည်။

## အခန်း (၁၃)
## ဘဏ္ဍာရေး

၅၀။ ဝန်ကြီးချုပ်သည် စည်ပင်သာယာရေးအဖွဲ့များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းကို ဝန်ကြီး၏ထောက်ခံတင်ပြချက်ဖြင့် အတည်ပြုနိုင်သည်။ ဝန်ကြီးချုပ်အတည်ပြုထားသော အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့်အညီ ကောက်ခံ၊ သုံးစွဲနိုင်သည်။

၅၁။ ညွှန်ကြားရေးမှူးသည် -

(က) အမှုဆောင်အရာရှိက တင်ပြလာသောနှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်းကို စိစစ်ပြီး ဝန်ကြီးမှတစ်ဆင့် ပြည်နယ်အစိုးရအဖွဲ့ထံတင်ပြရမည်၊

(ခ) နှစ်စဉ်ဘဏ္ဍာရေးနှစ်စာရင်းစစ်ဆေးရေးလုပ်ငန်းများ၏အခြေအနေကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးရက်ပေါင်း(၉၀)အတွင်း ပြည်နယ်အစိုးရအဖွဲ့ထံတင်ပြရမည်၊

(ဂ) အတည်ပြုပြီးသော မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် လုပ်ငန်းများကို ကြီးကြပ်ရမည်။

၅၂။ ကော်မတီသည် မိမိရန်ပုံငွေကို သီးခြားဘဏ်စာရင်းထားရှိ၍ စည်ပင်သာယာရေးလုပ်ငန်းများအတွက် သုံးစွဲပိုင်ခွင့်ရှိသည်။ လတ်တလောအသုံးပြုရန် မလိုအပ်သည့်ရန်ပုံငွေကိုတိုးပွားအောင် သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်နိုင်သည်။

၅၃။ ကော်မတီသည် ရရှိသောနိုင်ငံခြားငွေကို သီးခြားဘဏ်စာရင်းဖွင့်လှစ်ထားရှိ၍ တည်ဆဲဥပဒေ၊ စည်းမျဉ်းများ၊ စည်းကမ်းများနှင့်အညီ ဝန်ကြီးမှတစ်ဆင့် ဝန်ကြီးချုပ်၏ခွင့်ပြုချက်ဖြင့် သုံးစွဲနိုင်သည်။

၅၄။ ကော်မတီသည် ပုဂ္ဂလိကဘဏ်တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် ဥပဒေနှင့်အညီ လျှောက်ထားဆောင်ရွက်နိုင်သည်။

## အခန်း (၁၄)
## ဝန်ထမ်းဖွဲ့စည်းပုံ

၅၅။ ဝန်ကြီးချုပ်သည် ဝန်ကြီးမှတစ်ဆင့်တင်ပြလာသော မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ဝင်ငွေအပေါ်အခြေခံ၍ ရေးဆွဲထားသော ဝန်ထမ်းဖွဲ့စည်းပုံအဆင့်ဆင့်ကို ပြည်နယ် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ပြင်ဆင်သတ်မှတ်နိုင်သည်။

၅၆။ ပြည်နယ်အစိုးရအဖွဲ့သည် ဝန်ထမ်းများခန့်ထားရာတွင် တည်ဆဲဝန်ထမ်းခန့်ထားရေး စည်းမျဉ်းများ၊ စည်းကမ်းများနှင့်အညီ ဖွဲ့စည်းပုံအတွင်းခန့်ထားခွင့်ပြုနိုင်သည်။ ဝန်ထမ်းများခံစားခွင့်ရပိုင်ခွင့်များကိုလည်း သတ်မှတ်ပေးနိုင်သည်။

၅၇။ ပြည်နယ်အစိုးရအဖွဲ့သည် စည်ပင်သာယာရေးဝန်ကြီး၏ စိစစ်အတည်ပြုချက်ဖြင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူးနှင့်အမှုဆောင်အရာရှိများအား ဝန်ထမ်းရေးရာလုပ်ပိုင်ခွင့်များသတ်မှတ်ပေးရမည်။

၅၈။ ဝန်ထမ်းအတွက်ကုန်ကျစရိတ်သည် နှစ်စဉ်ရရှိသောဝင်ငွေ၏ ၃၀ ရာခိုင်နှုန်း ထက်ကျော်လွန်ခြင်း မရှိစေရ။

၅၉။ ပြည်နယ်အစိုးရအဖွဲ့သည် စည်ပင်သာယာရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်မည့် ဝန်ထမ်းများကိုအခြားပြည်ထောင်စုဝန်ကြီးဌာနများနှင့်ညှိနှိုင်း၍လွှဲပြောင်းရယူခြင်း၊လွှဲပြောင်းပေးခြင်းများ ဆောင်ရွက်နိုင်သည်။

၆၀။ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၏ပြည်တွင်းပြည်ပသင်တန်း တက်ရောက်ရေးကိစ္စ၊ ဝန်ထမ်းရေးရာကိစ္စ၊ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းရပ်များနှင့် ပတ်သက်၍ ပြည်တွင်း ပြည်ပဌာနအဖွဲ့အစည်းများက ညှိနှိုင်းလာပါက စည်ပင်သာယာရေးဝန်ကြီး၏ စိစစ်တင်ပြချက်ဖြင့် ပြည်နယ်အစိုးရအဖွဲ့မှ သဘောတူဆောင်ရွက်ပေးနိုင်သည်။

## အခန်း (၁၅)
## ရန်ပုံငွေထိန်းသိမ်းခြင်း၊ စာရင်းစစ်ဆေးခြင်း

၆၁။ ကော်မတီသည် သတ်မှတ်ဆောင်ရွက်လျက်ရှိသည့် ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့် အညီ ရန်ပုံငွေထိန်းသိမ်းခြင်း၊ ငွေစာရင်းပြုစုခြင်း၊ စာရင်းစစ်ဆေးခြင်း၊ စာရင်းစစ်ဆေးခံခြင်းတို့ကိုဆောင်ရွက် ရမည်။ ပြည်နယ်အစိုးရအဖွဲ့သည် ရန်ပုံငွေထိန်းသိမ်းခြင်း၊ ငွေစာရင်းပြုစုခြင်း၊ စာရင်းစစ်ဆေးခြင်း၊ စာရင်းစစ်ဆေးခံခြင်းတို့ကို ပြည်နယ်စာရင်းစစ်ချုပ်နှင့် ညှိနှိုင်း၍ သတ်မှတ်ပေးနိုင်သည်။

## အခန်း (၁၆)
## တားမြစ်ချက်များ

၆၂။ မည်သူမျှမြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက် မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းမျဉ်းများ၊ စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်၊ လူသွားစင်္ကြံတစ်ခုခုပေါ်တွင်ကျူးကျော်၍အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆောက်လုပ်ခြင်းမပြုရ၊

(ခ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်၊ လူသွားစင်္ကြန်တစ်ခုခု ပေါ်တွင် ပိတ်ဆို့၍ အထည်အလိပ်၊ ဖျာ သို့မဟုတ် အခြားပစ္စည်းတစ်ခုခုကို ဖြန့်ထားခြင်း၊ ဆွဲထားခြင်း၊ နေလှန်းခြင်းမပြုရ။

၆၃။ မည်သူမျှ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက် မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းမျဉ်းများ၊ စည်းကမ်း များနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) အများပြည်သူသွားလာသည့် လမ်းနှင့်လူသွားစင်္ကြန်ပေါ်တွင် မည်သည့်ကစားနည်းမျိုးမျှ ကစား ခြင်းမပြုရ၊

(ခ) လမ်းပေါ်တွင်လည်းကောင်း၊ လမ်းဘေးရှိ ရေစီးရေလာမြောင်းပေါ်တွင်လည်းကောင်း၊ လူသွား စင်္ကြန်ပေါ်တွင်လည်းကောင်း ပိတ်ဆို့၍ စားပွဲ၊ ခုံတန်းလျား၊ သေတ္တာ၊ ဗျပ်၊ ကုန်ပစ္စည်း သို့မဟုတ် အခြားအရာဝတ္ထုတစ်ခုခုကို ခင်းကျင်းခြင်း၊ ထားရှိခြင်း၊ဈေးရောင်းချခြင်းမပြုရ၊

(ဂ) အမှိုက်၊ မိလ္လာ၊ အညစ်အကြေး စသည်တို့ကို လမ်း၊လမ်းမြေနှင့်လူသွားစင်္ကြန်ပေါ် သို့မဟုတ် မြစ်ချောင်းနှင့်စွန့်ပစ်ရန် သတ်မှတ်မထားသောနေရာတွင် စွန့်ပစ်ခြင်းမပြုရ၊

(ဃ) ကိုယ်ပိုင်လမ်းဖောက်လုပ်ခြင်းမပြုရ၊

(င) ဝင်ထွက်နိုင်သောလမ်းမရှိသည့် မြေပေါ်တွင်အဆောက်အအုံများဆောက်လုပ်ခြင်းမပြုရ။

၆၄။ မည်သူမျှမြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုချက်မရှိ လျှင်(သို့မဟုတ်)ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းမျဉ်းများ၊ စည်းကမ်းများ နှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) အဆောက်အအုံတစ်ခုခုကို ဆောက်လုပ်ခြင်း သို့မဟုတ် ပြင်ဆင်ဆောက်လုပ်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်းမပြုရ၊

(ခ) စည်ပင်သာယာရေးအဖွဲ့ပိုင် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေးလုပ်ငန်းမှရေကို ရယူသုံးစွဲခြင်းမပြုရ၊

(ဂ) ကိုယ်ပိုင်စီးပွားဖြစ် ရေပေးရေးလုပ်ငန်းတည်ထောင်ဖွင့်လှစ်ခြင်းမပြုရ၊

(ဃ) အများပြည်သူအတွက် စခန်းချရန်နေရာကိုဖြစ်စေ၊ ရေချိုးဆိပ်ကိုဖြစ်စေ တည်ထောင်ဖွင့်လှစ် ခြင်းမပြုရ။

၆၅။ မည်သူမျှ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ ထုတ်ပြန်ထားသည့် စည်းမျဉ်းများ၊ စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) လူသေအလောင်းကို သတ်မှတ်သည့်ကာလထက်ကျော်လွန်၍ မြေမမြှုပ်ဘဲထားခြင်း၊ မီးမသင်္ဂြိုဟ် ဘဲထားရှိခြင်းမပြုရ၊

(ခ) ကူးစက်တတ်သောရောဂါကြောင့် သေဆုံးသည့်လူသေအလောင်းကို (၁၂)နာရီထက်ကျော် လွန်၍ မြေမမြှုပ်ဘဲထားခြင်း၊ မီးမသင်္ဂြိုဟ်ဘဲထားခြင်းမပြုရ၊

(ဂ) သုသာန်မြေအဖြစ်သတ်မှတ်ထားသည့် နေရာမှအပ အခြားနေရာတွင် လူသေအလောင်းကို မြေမြှုပ်ခြင်း၊ မီးသင်္ဂြိုဟ်ခြင်းမပြုရ။

၆၆။ မည်သူမျှ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ ထုတ်ပြန်ထားသည့် စည်းမျဉ်းများ၊ စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) တည်းခိုခန်း၊ မိုတယ်၊ အင်းနှင့် ဘော်ဒါဆောင်တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ၊

(ခ) စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အအေးဆိုင်၊ နွားနို့အရောင်းဆိုင် ဖွင့်လှစ်ရောင်းချခြင်းမပြုရ၊

(ဂ) ပေါင်မုန့်၊ မုန့်ဖုတ်လုပ်ငန်း၊ ချိုချဉ်နှင့်ယိုမျိုးစုံထုတ်လုပ်ငန်း တည်ထောင်လုပ်ကိုင်ခြင်းမပြုရ။

၆၇။ မည်သူမျှ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ ထုတ်ပြန်ထားသည့် စည်းမျဉ်းများ၊ စည်းကမ်းများနှင့် ဖြစ်စေညီညွတ်မှုမရှိလျှင် ဥပစာ တစ်ခုတွင် -

(က) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းကိုလုပ်ကိုင်ခြင်းမပြုရ၊

(ခ) အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းနှင့်သက်ဆိုင်သောပစ္စည်းများကိုရောင်းချခြင်း၊ သိုလှောင်ခြင်း မပြုရ။

၆၈။ မည်သူမျှ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ ထုတ်ပြန်ထားသည့် စည်းမျဉ်းများ၊ စည်းကမ်းများနှင့် ဖြစ်စေညီညွတ်မှုမရှိလျှင်-

(က) တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်းမပြုရ၊

(ခ) တိရစ္ဆာန်အသေကောင်များကို သတ်မှတ်ချက်များနှင့်အညီမဟုတ်ဘဲ အခြားနည်းလမ်းဖြင့် သုတ်သင်ရှင်းလင်းခြင်းမပြုရ။

၆၉။ မည်သူမျှမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းမျဉ်းများ၊ စည်းကမ်းများနှင့်ဖြစ်စေညီညွတ်မှုမရှိလျှင် -

(က) ကိုယ်ပိုင်ဈေးကိုတည်ထောင်ဖွင့်လှစ်ခြင်း၊ ဈေးကိုတစ်နေရာမှအခြားတစ်နေရာသို့ ပြောင်းရွှေ့ခြင်း၊ ဈေးအဖြစ်မှရပ်စဲထားပြီးသောဈေးကို ပြန်လည်တည်ထောင်ဖွင့်လှစ်ခြင်း သို့မဟုတ် ဈေး၏မူလဧရိယာအကျယ်အဝန်းကို တိုးချဲ့ခြင်းမပြုရ၊

(ခ) မမှန်ကန်သည့်အလေး၊ ချိန်ခွင်၊ အခြင်အတွယ်၊ အတိုင်းအတာတို့ဖြင့် ရောင်းချခြင်းမပြုရ၊

(ဂ) စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများတွင် စည်းကမ်းဖောက်ဖျက်၍ ဈေးရောင်းချခြင်းမပြုရ၊

(ဃ) ကျွဲ၊ နွားပွဲဈေးများ တည်ထောင်ဖွင့်လှစ်ခြင်း၊ ရောင်းချခြင်းမပြုရ၊

(င) ရေခဲနှင့်အချိုရည်စက်ရုံများ၊ အအေးခန်းစက်ရုံများတည်ထောင်လုပ်ကိုင်ခြင်းမပြုရ၊

(စ) အပေါင်ဆိုင်လုပ်ငန်းကို တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ။

၇၀။ မည်သူမျှ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း-

(က) ဤဥပဒေအရ သို့မဟုတ် ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းများ၊ စည်းကမ်းများ အရတာဝန်ဝတ္တရားဆောင်ရွက်ရန် မြေ သို့မဟုတ် အဆောက်အအုံအတွင်းသို့လုပ်ထုံးလုပ်နည်း

နှင့်အညီ နေ့အချိန် ဝင်ရောက်မည့် ကော်မတီကိုဖြစ်စေ၊ ကော်မတီဝင်ကိုဖြစ်စေ၊ နည်းလမ်းတကျအခွင့်အာဏာလွှဲအပ်ခြင်းခံရသောစည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းကိုဖြစ်စေ၊ တားမြစ်ခြင်း မပြုရ၊

(ခ) စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ရန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့်စာချုပ်ချုပ်ဆိုထားသည့် ကန်ထရိုက်တာအား စာချုပ်ပါလုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းမပြုနိုင်စေရန် ဥပဒေနှင့်အညီမဟုတ်ဘဲ ပိတ်ပင်ခြင်း၊ တားဆီးနှောင့်ယှက်ခြင်းမပြုရ။

## အခန်း(၁၇)
## စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်ချမှတ်ခြင်း

၇၁။ အမှုဆောင်အရာရှိသည် ပုဒ်မ ၇၆ တွင်ဖော်ပြထားသော ဇယားပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများကိုလည်းကောင်း၊ လိုက်နာရန်ပျက်ကွက်သူသို့မဟုတ် ဖောက်ဖျက်ကျူးလွန်သူအား စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်နိုင်သည်။

၇၂။ အမှုဆောင်အရာရှိသည် ပုဒ်မ ၇၆ တွင်မည်သို့ပင်ပြဋ္ဌာန်းစေကာမူ ပထမအကြိမ်ကျူးလွန်သူအား စီမံခန့်ခွဲရေးဆိုင်ရာဒဏ်ကြေးငွေအနည်းဆုံး ကျပ် ၃၀၀၀ (ကျပ်သုံးထောင်)မှ အများဆုံး ကျပ် ၃၀၀၀၀ (ကျပ်သုံးသောင်း)အထိချမှတ်နိုင်သည်။

၇၃။ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်ချမှတ်သည့် ပြစ်မှုအတွက် သတ်မှတ်သည့်ဒဏ်ကြေးငွေပေးဆောင်ပြီးပါက တရားရုံးတွင် ထပ်မံတရားစွဲဆိုခြင်းမပြုရ။

၇၄။ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်အဖြစ် ချမှတ်သည့်ဒဏ်ကြေးငွေကို ပေးဆောင်ရန်ပျက်ကွက်ပါက ထိုဒဏ်ကြေးငွေကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ကောက်ခံရမည်။

၇၅။ ပြည်နယ်အစိုးရအဖွဲ့သည် စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်ချမှတ်သည့် နည်းလမ်းများကို သတ်မှတ်နိုင်သည်။

## အခန်း(၁၈)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၇၆။ မည်သူမဆိုအောက်တွင်ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများကိုလည်းကောင်း၊ လိုက်နာရန်ပျက်ကွက်ကြောင်းသို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည်ငွေဒဏ်အနည်းဆုံးကျပ် ၂၀၀၀၀ (ကျပ်နှစ်သောင်း) မှ အများဆုံးကျပ် ၂၀၀၀၀၀ (ကျပ်နှစ်သိန်း) အထိ ချမှတ်ခြင်းခံရမည်။

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၂၂ (ဃ) | အဆောက်အအုံ၊ ဝင်းခြံတို့ကို ဆေး သို့မဟုတ် ထုံးသုတ်စေခြင်း၊ |
| ၂၂ (င) | ဝင်းခြံမခတ်သည့် မြေကို ဝင်းခြံခတ်စေခြင်း၊ မပြုပြင်သည့် ဝင်းခြံမြေကို ပြုပြင်စေခြင်း၊ |
| ၂၂ (စ) | သစ်ပင်၊ ချုံပင်များကို ရှင်းလင်းစေခြင်း၊ ချိုင့်ဝှမ်းကိုမြေဖို့စေခြင်း၊ |
| ၂၄ (က) | အန္တရာယ်ရှိသောရေတွင်း၊ ရေကန်၊ ရေအိုင်များကို ကာရံစေခြင်း၊ ပြုပြင်စေခြင်း၊ |
| ၂၄ (ခ) | ရေတွင်း၊ ရေကန်၊ ရေလှောင်ကန်၊ ရေအိုင်တို့ကို ဆေးကြောပြုပြင်စေခြင်း၊ ရေဖြည့်ဖုံးအုပ်စေခြင်း၊ |
| ၂၄ (ဆ) | မိလ္လာပိုက်၊ ရေပိုက်ကိုအခြားသူတစ်ဦး ပိုင်ဆိုင်သည့် မြေကိုဖြတ်၍ ဆောင်ရွက်ရလျှင် မြေပိုင်ရှင်က ဆောင်ရွက်ခွင့်ပြုစေခြင်း၊ |
| ၂၅ (က) | အမှိုက်များစွန့်ပစ်ရန် အမှိုက်ပုံးများ ထားရှိစေခြင်း၊ |
| ၂၅ (ဃ) | ပျော်ပွဲရွှင်ပွဲအတွက် အသုံးပြုမည့် အဆောက်အအုံကို သတ်မှတ်စည်းကမ်းနှင့်အညီ ဆောင်ရွက်ရန်၊ |
| ၂၉ | အနေးယာဉ်လိုင်စင်မရှိဘဲ အနေးယာဉ်တည်ထောင်လုပ်ကိုင်ခြင်း၊ |
| ၃၀ | အနေးယာဉ်မောင်းလိုင်စင်မရှိဘဲ အနေးယာဉ်မောင်းနှင်ခြင်း၊ |
| ၃၁ | အနေးယာဉ်ပိုင်ရှင်နှင့် အနေးယာဉ်မောင်းသူတို့အား သတ်မှတ်ထားသည့်စည်းကမ်းများကို လိုက်နာစေခြင်း၊ |
| ၆၂ (ခ) | လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်ပေါ်တွင် ပိတ်ဆို့၍ ပစ္စည်းများဖြန့်ထားခြင်း၊ ဆွဲထားခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၃ (က) | လမ်းပေါ်တွင်ကစားခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၃ (ခ) | လမ်းနှင့်လမ်းဘေးရှိ ရေစီးရေလာကောင်းမွန်သောမြောင်းပေါ်တွင် ပိတ်ဆို့၍ပစ္စည်းများခင်းကျင်းခြင်း၊ ဈေးရောင်းချခြင်း မပြုရန်တားမြစ်ခြင်း၊ |
| ၆၃ (ဂ) | အမှိုက်၊ မိလ္လာအညစ်အကြေးတို့ကို လမ်းပေါ် သို့မဟုတ် သတ်မှတ်မထားသောနေရာတွင် စွန့်ပစ်ခြင်း မပြုရန်တားမြစ်ခြင်း၊ |
| ၆၄ (ခ) | စည်ပင်သာယာရေးအဖွဲ့ပိုင်အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေးလုပ်ငန်းမှရေကို စည်းကမ်းများနှင့်ညီညွတ်မှုမရှိဘဲ ရယူသုံးစွဲခြင်း မပြုရန်တားမြစ်ခြင်း၊ |
| ၆၈ (က) | တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၉ (ခ) | မမှန်ကန်သည့်အလေး၊ ချိန်ခွင်၊ အခြင်အတွယ်၊ အတိုင်းအတာတို့ဖြင့် ရောင်းချခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၉ (ဂ) | စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးတွင် စည်းကမ်းဖောက်ဖျက်၍ ဈေးရောင်းခြင်းမပြုရန် တားမြစ်ခြင်း၊ |

၇၇။ မည်သူမဆို အောက်တွင်ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည်ငွေဒဏ်အနည်းဆုံး ကျပ် ၃၀၀၀၀ (ကျပ်သုံးသောင်း) မှ အများဆုံး ကျပ် ၃၀၀၀၀၀ (ကျပ်သုံးသိန်း)အထိ ချမှတ်ခြင်းခံရမည်။

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၁၄ (က) | အဖွဲ့ပိုင်မြေမကျူးကျော်ရ၊ |
| ၁၄ (ခ) | လမ်းနယ်နိမိတ် ပုဂ္ဂလိကအဖွဲ့အစည်း၊ ဌာနဆိုင်ရာမြေအား မကျူးကျော်ရ၊ |
| ၁၄ (ဂ) | နှစ်ရှည်ပင်၊ သီးပင်၊ စားပင်၊ အဝိုင်း၊ လမ်းလယ်ကျွန်းများတွင် စိုက်ပျိုးထားသော သစ်ပင်၊ ပန်းပင်များ၊ မြေယာရှုခင်းအလှများကို တူးဆွခြင်း၊ ချိုးဖဲ့ခြင်း၊ ခုတ်လှဲခြင်း၊ ရွှေ့ပြောင်းခြင်း မပြုရ၊ |
| ၂၄ (ဂ) | စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့် မြေပေါ်မှစီးဆင်းသည့် ရေကြောင့် အများပြည်သူ လမ်းနှင့် ပစ္စည်းများ ပျက်စီးခြင်းမရှိစေရန် ရေတံလျှောက်၊ ရေဆင်းပိုက်၊ ရေမြောင်းတို့ကို ပြုလုပ်စေခြင်း၊ ပြုပြင်စေခြင်း၊ |
| ၂၄ (ဃ) | စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံတို့မှ ရေကောင်းစွာထုတ်ပစ်ရန် မြေကို ပြုပြင်စေခြင်း၊ |
| ၂၄ (င) | စက်ရုံ၊ အလုပ်ရုံတွင် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန်တို့ကို စီမံထားရှိစေခြင်း၊ |
| ၂၄ (စ) | ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန် တို့ကိုပိတ်စေခြင်း၊ ဖျက်သိမ်းစေခြင်း၊ ပြုပြင်စေခြင်း၊ |
| ၂၄ (ဇ) | မိလ္လာပိုက်၊ မိလ္လာကန်ကို အခြားသူတစ်ဦး၏ မြေကိုဖြတ်၍ ဆောင်ရွက်ရခြင်းကြောင့် နစ်နာမှုလျော်ကြေးငွေပေးစေခြင်း၊ |
| ၂၅ (ခ) | ကျန်းမာရေးနှင့် မညီညွတ်သော ရေပေးရေးလုပ်ငန်းကို ပိတ်ထားစေခြင်း၊ |
| ၂၅ (ဂ) | တည်းခိုခန်း သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံကို သတ်မှတ်စည်းကမ်းများနှင့်အညီ ဆောင်ရွက်စေခြင်း၊ |
| ၂၇ (က) | အသုံးပြုရန်မသင့်သည့် သုဿန်မြေကို ပိတ်သိမ်းထားစေခြင်း၊ |
| ၂၇ (ဂ) | ပိတ်သိမ်းပြီး သုဿန်ဟောင်းမြေကို အခြားနည်းဖြင့်ခွင့်ပြုချက်ရပြီးမှ သုံးစွဲစေခြင်း၊ |
| ၄၄ (ခ) | မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း၊ မပြုရန်၊ |
| ၆၃ (ဃ) | ကိုယ်ပိုင်လမ်းဖောက်လုပ်ခြင်းမပြုရန် တားမြစ်ရန်၊ |
| ၆၄ (ဂ) | ကိုယ်ပိုင်စီးပွားဖြစ် ရေပေးရေးလုပ်ငန်းတည်ထောင်ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၄ (ဃ) | အများပြည်သူအတွက် စခန်းချရန်နေရာကိုဖြစ်စေ၊ ရေချိုးဆိပ်ကိုဖြစ်စေ၊ တည်ထောင်ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၆၅ (က) | လူသေအလောင်းကို သတ်မှတ်သည့်ကာလထက် ကျော်လွန်၍မထားရန် တားမြစ်ခြင်း၊ |
| ၆၅ (ခ) | ကူးစက်တက်သောရောဂါကြောင့် သေဆုံးသည့်လူသေအလောင်းကို (၁၂)နာရီ ကျော်လွန်၍ မထားရန်တားမြစ်ခြင်း၊ |
| ၆၅ (ဂ) | သုသာန်မြေအဖြစ် သတ်မှတ်ထားသည့်နေရာမှအပ အခြားနေရာတွင် လူသေအလောင်းကို မြေမြှုပ်ခြင်း၊ မီးသင်္ဂြိုလ်ခြင်း၊ မပြုရန် တားမြစ်ခြင်း၊ |
| ၆၆ (က) | တည်းခိုခန်း၊ ဘော်ဒါဆောင် တည်ထောင်ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၆ (ခ) | စားသောက်ဆိုင်ဖွင့်လှစ်ရောင်းချခြင်း မပြုရန်တားမြစ်ခြင်း၊ |
| ၆၆ (ဂ) | ပေါင်မုန့်၊ မုန့်ဖုတ်လုပ်ငန်း၊ ချိုချဉ်နှင့် ယိုမျိုးစုံထုတ် လုပ်ငန်းလုပ်ကိုင်ခြင်းမပြုရန်တားမြစ်ခြင်း၊ |
| ၆၉ (က) | ကိုယ်ပိုင်ဈေးကိုဖွင့်လှစ်ခြင်း၊ ဈေးနေရာပြောင်းရွှေ့ခြင်း၊ ပြန်လည်ဖွင့်လှစ်ခြင်း၊ ဈေးဧရိယာတိုးချဲ့ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၉ (ဃ) | ကျွဲ၊ နွားပွဲဈေးများ တည်ထောင်ဖွင့်လှစ်ခြင်း၊ ရောင်းချခြင်းမပြုရန်တားမြစ်ခြင်း၊ |
| ၆၉ (င) | ရေခဲနှင့် အချိုရည်စက်ရုံများ၊ အအေးခန်းစက်ရုံများ ဖွင့်လှစ်တည်ထောင်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၉ (စ) | အပေါင်ဆိုင်လုပ်ငန်းကို တည်ထောင်ဖွင့်လှစ်ခြင်း မပြုရန် တားမြစ်ခြင်း၊ |

၇၈။ မည်သူမဆို အောက်တွင်ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများကိုလည်းကောင်း၊ လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက် ကျူးလွန်ကြောင်း၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည်ငွေဒဏ်အနည်းဆုံး ကျပ် ၅၀၀၀၀(ကျပ်ငါးသောင်း) မှ အများဆုံး ကျပ် ၅၀၀၀၀၀ (ကျပ်ငါးသိန်း)အထိဖြစ်စေ၊ ထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၂၂ (က) | စည်းကမ်းနှင့်ညီညွတ်မှုမရှိဘဲ အဆောက်အအုံဆောက်လုပ်သည်ကို ရပ်ဆိုင်းစေခြင်း၊ ပြန်လည်ပြင်ဆင်ခြင်း၊ ဖြိုဖျက်စေခြင်း၊ |
| ၂၂ (ခ) | လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်ပေါ်တွင် အဆောက်အအုံကျူးကျော်ဆောက်လုပ်ခြင်းကို ဖယ်ရှားခြင်း၊ |
| ၂၂ (ဂ) | အန္တရာယ်ရှိသော အဆောက်အအုံကို ပြုပြင်စေခြင်း၊ ဖြိုဖျက်စေခြင်း၊ နေထိုင်သူများကို ဖယ်ရှားစေခြင်း၊ |
| ၂၂ (ဆ) | မြေပေးမိန့်ရရှိပြီးမြေကွက်တွင် အဆောက်အဦ ဆောက်လုပ်ခြင်း၊ |
| ၂၅ (င) | အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းလုပ်ကိုင်ရာတွင် အန္တရာယ်ရှိလာလျှင် လုပ်ငန်းနေရာကို အသုံးမပြုစေခြင်း၊ ပြင်ဆင်စီမံဆောင်ရွက်စေခြင်း၊ |

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၂၇ (ခ) | အသုံးပြုရန်မသင့်သည့်သုသာန်မြေကို ဖျက်သိမ်းစေခြင်း၊ |
| ၆၂ (က) | လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်ပေါ်တွင် အဆောက်အအုံကျူးကျော်ဆောက်လုပ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၃ (င) | ဝင်ထွက်နိုင်သော လမ်းမရှိသည့် မြေပေါ်တွင် အဆောက်အအုံများ ဆောက်လုပ်ခြင်းမပြုရန်တားမြစ်ရန်၊ |
| ၆၄ (က) | အဆောက်အအုံဆောက်လုပ်ခြင်း၊ ပြင်ဆင်တိုးချဲ့ခြင်း မပြုရန် တားမြစ်ခြင်း၊ |
| ၆၇ (က) | အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရန်တားမြစ်ခြင်း၊ |
| ၆၇ (ခ) | အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းနှင့်သက်ဆိုင်သောပစ္စည်းများကို ရောင်းချခြင်း၊ သိုလှောင်ခြင်း မပြုရန် တားမြစ်ခြင်း၊ |
| ၆၈ (ခ) | တိရစ္ဆာန်အသေကောင်များကို သတ်မှတ်ချက်များနှင့်အညီ သုတ်သင်ရှင်းလင်းစေခြင်း၊ |

၇၉။ မည်သူမဆို ပုဒ်မ ၃၃၊ ၃၄၊ ၃၅၊ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများကိုလည်းကောင်း၊ လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည်ငွေဒဏ်အနည်းဆုံးကျပ် ၃၀၀၀၀ (ကျပ်သုံးသောင်း) မှ အများဆုံး ကျပ် ၃၀၀၀၀၀(ကျပ်သုံးသိန်း)အထိချမှတ်ခြင်းခံရမည်။

၈၀။ မည်သူမဆို ပုဒ်မ ၇၆ တွင် ဖော်ပြထားသောဇယားပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများကိုလည်းကောင်း၊ လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း၊ ပြစ်မှုထင်ရှားစီရင်ခံရပြီးနောက်တွင် ထိုသူသည်ဆက်လက်၍ လိုက်နာရန်ပျက်ကွက်ခြင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်သည့် နေ့အသီးသီးအတွက် တစ်နေ့လျှင်ငွေကျပ် ၁၀၀၀၀ (ကျပ်တစ်သောင်း) ချမှတ်ခြင်းခံရမည်။

၈၁။ မည်သူမဆို ပုဒ်မ ၇၇ တွင် ဖော်ပြထားသောဇယားပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများကိုလည်းကောင်း၊ လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း၊ ပြစ်မှုထင်ရှားစီရင်ခံရပြီးနောက်တွင် ထိုသူသည်ဆက်လက်၍ လိုက်နာရန်ပျက်ကွက်ခြင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်သည့် နေ့အသီးသီးအတွက် တစ်နေ့လျှင်ငွေကျပ် ၂၀၀၀၀(ကျပ်နှစ်သောင်း) ချမှတ်ခြင်းခံရမည်။

၈၂။ မည်သူမဆို ပုဒ်မ ၇၈ တွင် ဖော်ပြထားသောဇယားပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများကိုလည်းကောင်း၊ လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း၊ ပြစ်မှုထင်ရှားစီရင်ခံရပြီးနောက်တွင် ထိုသူသည်ဆက်လက်၍ လိုက်နာရန်ပျက်ကွက်ခြင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်သည့် နေ့အသီးသီးအတွက် တစ်နေ့လျှင်ငွေကျပ် ၃၀၀၀၀ (ကျပ်သုံးသောင်း) ချမှတ်ခြင်းခံရမည်။

၈၃။ မည်သူမဆို ပုဒ်မ ၇၀ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည်ငွေဒဏ် အနည်းဆုံးကျပ် ၅၀၀၀၀(ကျပ်ငါးသောင်း) မှ အများဆုံးကျပ် ၅၀၀၀၀၀ (ကျပ်ငါးသိန်း) ချမှတ်ခြင်းခံရမည်။

၈၄။ (က) မည်သူမဆိုခွင့်ပြုချက်မရှိဘဲ ကျွဲ၊ နွားကို သတ်ဖြတ်ကြောင်း သို့မဟုတ် ကျွဲ၊ နွား၏ အသား သို့မဟုတ် သားရေကိုလက်ဝယ်ထားရှိကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည်ထောင်ဒဏ် တစ်နှစ်အထိချမှတ်ခြင်းခံရမည်။ ထို့အပြင် ထိုသူအားငွေဒဏ်ကျပ် ၅၀၀၀၀(ကျပ်ငါးသောင်း) မှ ကျပ် ၅၀၀၀၀၀ (ကျပ်ငါးသိန်း) အထိလည်း ချမှတ်နိုင်သည်။

(ခ) ဤဥပဒေအရ တရားစွဲဆိုရာ၌ စွပ်စွဲခံရသူသည် သက်ဆိုင်ရာအာဏာပိုင်၏ ခွင့်ပြုချက်ဖြင့် ကျွဲ၊ နွားကိုသတ်ဖြတ်ကြောင်း သို့မဟုတ် လက်ဝယ်တွေ့ရှိသော ကျွဲ၊ နွား၏အသားသည် တရားဝင်ခွင့်ပြုချက်ဖြင့်သတ်မှတ်သော သို့မဟုတ် အခြားအကြောင်းတစ်ခုခုဖြင့်သေဆုံးသော ကျွဲ၊ နွား၏ အသားဖြစ်ကြောင်း သက်သေတင်ပြရန်တာဝန်ရှိသည်။

၈၅။ (က) ပုဒ်မ ၄၁ ကို ဆန့်ကျင်ဖောက်ဖျက်သည့်အတွက် စွဲဆိုသောအမှုများကိုသက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးက တရားစွဲဆိုရမည်။

(ခ) ပုဒ်မ ၈၅ ပုဒ်မခွဲ(က)အရ စွဲဆိုသောအမှုများမှအပ ဤဥပဒေအရ စွဲဆိုထားသောအမှုများကို သက်ဆိုင်ရာအမှုဆောင်အရာရှိမှ တာဝန်လွှဲအပ်သော ပုဂ္ဂိုလ်ကတရားစွဲဆိုရမည်။

၈၆။ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ဤဥပဒေအရမိမိတာဝန်နှင့် လုပ်ပိုင်ခွင့်များကိုဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာရဲတပ်ဖွဲ့စခန်း၏ အကူအညီတောင်းခံရယူနိုင်သည်။ ထိုကဲ့သို့ တောင်းခံပါက သက်ဆိုင်ရာရဲတပ်ဖွဲ့စခန်းက အကူအညီပေးရမည်။

## အခန်း (၁၉)
## အထွေထွေ

၈၇။ စည်ပင်သာယာရေးလုပ်ငန်းတစ်ခုခုသည် စည်ပင်သာယာရေးအဖွဲ့နှစ်ဖွဲ့ သို့မဟုတ် နှစ်ဖွဲ့ထက်ပိုသော အဖွဲ့များနှင့် ဆက်စပ်သည့်လုပ်ငန်းဖြစ်ပါက ယင်းလုပ်ငန်းကိုဆောင်ရွက်ရာတွင် သက်ဆိုင်သည့် စည်ပင်သာယာရေးအဖွဲ့နှစ်ဖွဲ့ သို့မဟုတ် နှစ်ဖွဲ့ထက်ပိုသောအဖွဲ့များသည် ဝန်ကြီးမှတစ်ဆင့်ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်ပူးပေါင်းဆောင်ရွက်နိုင်သည်။

၈၈။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ကောက်ခံရရှိသောအခွန်နှင့် သာမန်ရငွေကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကိုလည်းကောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်းကောင်း၊ ဆောင်ရွက်ပြီးလုပ်ငန်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့်ပေးရန်တာဝန်များကိုလည်းကောင်း ဆက်ခံရမည်။

၈၉။ နိုင်ငံတော်ကာကွယ်ရေးနှင့်သက်ဆိုင်သည့် သို့မဟုတ် လျှို့ဝှက်အဆင့်သတ်မှတ်သည့် အဆောက်အအုံများမှအပ အခြားနိုင်ငံပိုင်အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ဖျက်သိမ်းခြင်းတို့နှင့်စပ်လျဉ်း၍

သက်ဆိုင်ရာဌာနသည် ယင်းသို့ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ်ကို သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေး အဖွဲ့သို့ ကြိုတင်အကြောင်းကြားရမည်။

၉၀။ ပြည်နယ်အစိုးရအဖွဲ့သည် စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုနှင့်တစ်ခုကြား အငြင်းပွားမှုဖြစ်ပေါ်လာလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆုံးဖြတ်နိုင်သည်။

၉၁။ ဤဥပဒေအရဆောင်ရွက်သောအကြောင်းကိစ္စရပ်များကို ဤဥပဒေအရသာအရေးယူဆောင်ရွက် ရမည်။

၉၂။ စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ယခင်ကထုတ်ပြန်ကြေညာခဲ့ပြီးသောစည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်စေရမည်။

၉၃။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) ပြည်နယ်အစိုးရအဖွဲ့သည် လိုအပ်သောနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန် နိုင်သည်။

(ခ) ပြည်နယ်စည်ပင်သာယာရေးကော်မတီသည် ပြည်နယ်အစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် စည်း မျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို ထုတ်ပြန် နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) အုန်းမြင့်
ဝန်ကြီးချုပ်
ပြည်နယ်အစိုးရအဖွဲ့